၆။ အစ္စလာမ်တို့၏ နိဗ္ဗာန် ဆိုသည်မှာ အဘယ်နည်း။ ဘာတွေရှိလို့ ဘယ်လို စည်းစိမ်ချမ်းသာ ရှိသနည်း။

ပါဠိဝေါဟာရ ဗောဓိ ကို ဗေမိပင်၊ အရိယမဂ်၊ သမ္မာသမ္ဗောဓိဆု နဲ့ နိဗ္ဗာန် လို့ ဖွင့်ဆိုသလိုမျိုး- အာရ်ဗီ စကားလုံး جَنَّةُ ဂျနတ်ကိုပဲ- ရှေ့နောက် တွဲဆက်တဲ့ စကားလုံးပေါ်တည်ပြီး နိဗ္ဗာန်လို့ ဖွင့်ဆိုပါတယ်။ ဘယ်မှာ ရှိသလဲ ဆိုတာတော့- မေးခွန်း (၅)ကို ဖြေထားတာက နောင်ဘဝကိုကြည့်ပါ။ ဒါပေမယ့် အချို့သော ဝိပဿနာ ဆရာတော်ကြီးများက နှလုံးသားထဲမှာ ရှိတယ်လို့ ဖွင့်ဆိုတယ်။ (ဒါကတော့ တင်စားမှုပါ၊ နှလုံးအကြည်ဓါတ် မပွင့်သူတွေ နားမလည်နိုင်ဘူး ဆိုတဲ့ သဘောပါ။) ဘာစည်းဇိမ်တွေ ရှိသလဲ ဆိုတာတော့- ပြောရခက်တဲ့ အရာတစ်ခုပါ။ ဘာကြောင့်လဲ ဆိုတော့- အစ္စလာမ်က ဖွင့်ဆိုတဲ့ နိဗ္ဗာန်ဘုံက ဗုဒ္ဓဘာသာများ ဖွင့်ဆိုတဲ့ နိဗ္ဗာန်ဘုံနဲ့ အတော်ကို နီးစပ်ပါတယ်။ ဥပတိဝိဝေကလို့ ခေါ်တဲ့ ဥပတိဖြင့် သိနိုင်ခွင့် ချုပ်ငြိမ်းနေလို့ပါ။ ဒါပေမယ့် ဗုဒ္ဓဘာသာမှာ ရင်းနှီးနေသူတွေ သိနိုင်တဲ့ အခြားစကား တစ်လုံး နဲ့ပြောရင် ငြိမ်းချမ်းမှု အတိ သန္တိသုခ ဖြစ်ပါတယ်။ ဒါကို ကုရ်အာံ ၈၉း၂၇-၃၀ မှာ- အိုဘဝင်ငြိမ်းသော စိတ် (သန္တိသုခကို ဆိုက်မြိုက်ပြီးသော စိတ်)- သင့်ကံကြမ္မာရှင်ထံသို့ ဦးလှည့်လော့။ သင့်အား ကြေနပ်နှစ်သက်၏၊ သင်လည်းကျေနပ်နှစ်သက်၏။ ငါ့အမှုတော်ဆောင်များထံသို့ ဝင်လော့၊ ငါ့ဥယျာဉ် (နိဗ္ဗာန်ဘုံ)သို့ ဝင်လော့။ ဆိုထားပါတယ်။ လူတစ်ဦးဟာ သေပြီးသည့်နောက်မှ နိဗ္ဗာန်ကို ဆိုက်မြိုက်နိုင်မယ်လို့ အစ္စလာမ်မှာ မဆိုပါဘူး။ လူတစ်ဦးရဲ့ စိတ်ဟာ ဘဝင်ငြိမ်း- သန္တိသုခ ဆိုက်မြိုက်သွားရင် သူဟာ နိဗ္ဗာန်ရဲ့ ရသကို ခံစားခွင့်ရပါပြီ။ (သန္တိသုခ-တို့ နိဗ္ဗာန် တို့ဆိုတဲ့ ဝေါဟာရကို ပိုမိုနားလည်လိုရင် ဗုဒ္ဓဘာသာ ဝိပဿနာ ဆရာတော်ကြီးကို မေးပါ။) အဲ့ဒီ အရသာကို နားလည်သွားပြီဆိုရင် ကျွန်တော် ဖေါ်ပြလိုက် တဲ့ အပေါ်က ကုရ်အာံအဆိုကို ပိုမို ခံစားမိပါလိမ့်မယ်။ ဒီနေရာမှာ-- ရုပကို ရှင်းနေရင် အတော့ကို ကြာ သွား၊ စာရှည်သွားပါလိမ့်မယ်။
ကုရ်အာံက သွန်သင်တဲ့ နည်းကိုပဲ သိချင်တော့ ဆိုရင်တော့ ဆက်ပြီး မေးပါ။ ရုပမေးထားတဲ့ မေးခွန်း (၃) နဲ့ (၄) ကို ဆွေးနွေးပြီးရင်တော့- အစ္စလာမ်က ပြောတဲ့ နိဗ္ဗာန်ကို ဒီထက်ပို သဘောပေါက်လာမယ်လို့ မျှော်လင့်ပါတယ်။
မေးခွန်း (၃) နဲ့ (၄) အတွက် ကျွန်တော် ပြန်လည် မေတ္တာရပ်ခံထားတဲ့ ရုပရဲ့ ဆွေးနွေးမှုကို စောင့်နေပါတယ်။

လေးစားစွာဖြင့်

ထွန်းထွန်းအောင်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com